# မွန်အမျိုးသမီးများနေ့ထုတ်ပြန်ကြေညာချက်

မွန်အမျိုးသမီးများကွန်ယက်အနေဖြင့် ယနေ့ တပေါင်းလဆန်း ၁၂ ရက်နေ့၊ ၂၀၂၁ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင်ကျရောက် သော (၁၇) ကြိမ်မြောက် မွန်အမျိုးသမီးများနေ့တွင် မွန်အမျိုးသမီးများကွန်ယက်မှ အောက်ပါအတိုင်းထုတ်ပြန်ကြေငြာ လိုက်သည်။

မွန်အမျိုးသမီးများအနေနှင့် အမျိုးသမီးများဘ၀ မြင့်မားတိုးတက်ရေး၊ အမျိုးသမီးများခေါင်းဆောင်မှုတွင် ပိုမိုပါဝင်လာရေး နှင့် အမျိုးသမီးများ နိုင်ငံရေး ကဏ္ဍတွင်ပိုမိုပါဝင်လာစေရေးတို့ကို အစဥ်ဦးတည် ဆောင်ရွက်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေဖြစ်သည့် အာဏာသိမ်းစစ်ကောင်စီ လက်ထက်တွင် မွန်အမျိုးသမီးများကွန်ယက် ၏ ဦးတည်ချက်ဖြစ်သော အမျိုးသမီးများဘ၀ မြင့်မားတိုးတက်ရေး၊ အမျိုးသမီးများ ခေါင်းဆောင်မှုတွင် ပိုမိုပါဝင်လာရေး နှင့် အမျိုးသမီးများ နိုင်ငံရေး ကဏ္ဍတွင် ပိုမိုပါဝင် လာစေရေးတို့ကို ဆက်လက်ဖော်ဆောင်သွားရန်အတွက်ကြီးမားသော အခက်အခဲ စိန်ခေါ်ချက် တစ်ခု ဖြစ်နေပါသည်။ စစ်ကောင်စီ အာဏာသိမ်းသည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသည့် လူထုအား အကြမ်းဖက်ဖြိုခွဲခြင်း၊ လက်နက်မဲ့ဆန္ဒပြသူများအား ကျည်အစစ်ဖြင့်ပစ်ခတ်ခြင်း၊ မြို့နေပြည်သူများအား လက်နက်ဖြင့်ခြိမ်းခြောက် ပစ်ခတ်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများကို မတရားလုယက်ခြင်း၊ နေအိမ်များအတွင်းသို့ သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း စသည့် မတရားနှိပ်စက် သတ်ဖြတ်ခြင်းများပြုလုပ်ခြင်းဖြင့် လူထုကို ထိတ်လန့်ကြောက်ရွံ့စေရန်ရည်ရွယ်ပြီး အခြေခံလူ့အခွင့်အရေးများကို ကြီးမားစွာ ချိုးဖောက် လျှက်ရှိပါသည်။

ဤအခြေအနေများ အမြန်ဆုံးချုပ်ငြိမ်းသွားစေရန်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ပြည်သူများ၊ တိုင်းရင်းသူ တိုင်းရင်းသား သွေးချင်းများနှင့် အတူတကွ ရပ်တည်လျှက် ယနေ့ကျရောက်သည့် (၁၇) ကြိမ်မြောက် မွန်အမျိုးသမီးများနေ့တွင် အောက်ပါအတိုင်း တောင်းဆိုလိုက်ပါသည်။

- အာဏာရှင်စနစ် ဟူသမျှချုပ်ငြိမ်းရေး
- ၂၀၀၈ ဖွဲ့စည်းပုံ အလျှင်အမြန်ဖျက်သိမ်းရေး နှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအသစ် အမြန်ဆုံးရေးဆွဲရေး
- ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအသစ် ရေးဆွဲရာတွင်နှင့် တိုင်းရင်းသားအားလုံးပါဝင် ကိုယ်စားပြုမှုကိုသေချာစေရေး အလေးပေးဆောင်ရွက်သွားရေး

- ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် အမြန်ပေါ်ထွန်းလာရေး
- ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးခေါင်းဆောင်များနှင့် အပြစ်မဲ့ပြည်သူများအား အမြန်ဆုံး လွှတ်ပေးရေး
- မတရားဖိနှိပ်ချုပ်ချယ်မှုများ၊ ငြိမ်းချမ်းစွာဆန္ဒပြနေသော ပြည်သူများအား မတရား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ လူ့အခွင့်အရေးချိုးဖေါက်မှုများအား အမြန်ဆုံး ရပ်တန့်ပေးရေး

အထက်ပါ တောင်းဆိုချက်များအပြင် အထူးအားဖြင့် မွန်အမျိုးသမီးများကွန်ယက် အနေဖြင့် အမျိုးသမီးများ တန်းတူညီမျှပါဝင်မှုရှိသည့် စနစ်ကို အကောင်အထည်ဖေါ်ဆောင်သည့် လုပ်ငန်းစဉ်များ အဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်မှု သေချာစေရေးကို အစဉ်တစိုက် အသုံးပြုသွားရန် တိုက်တွန်းသွားမည်ဖြစ်ပြီး မွန်အမျိုးသမီးထုအနေဖြင့်လည်း နိုးကြားတက်ကြွစွာ တတပ်တအား ပါဝင်သွားစေရေး ယနေ့ (၁၇) ကြိမ်မြောက် မွန်အမျိုးသမီးများနေ့မှ တဆင့်တိုက်တွန်းလှုံ့ဆော် လိုက်ပါသည်။

မွန်အမျိုးသမီးများကွန်ယက်